# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 20 , 2026 Volume 98, Number 13


၂၀.၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၄.၆၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၄၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၉.၇၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၅.၉၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၈.၀၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၅၁ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မုံရွာတွင် ကွမ်းဈေးများ စံချိန်တင် အတက်ကြမ်းနေ



ဆောင်းရာသီ ကွမ်းရွက်အထွက်နည်းချိန်မှာ ကွမ်းဈေးဟာ စံချိန်တင်အတက်ကြမ်းနေပြီး ဈေးကောင်းရနေကြတယ်လို့ မုံရွာကွမ်းဈေးကွက်က သိရတယ်။

ကွမ်းဈေးက ထင်မထားတဲ့ဈေးအထိ တက်နေတာပါ။တစ်ပိဿာကို ကျပ် ၃သောင်းခွဲလောက်အထိ တက်ခဲ့ပြီး လောလောဆယ် ဇန်နဝါရီလ ၁၈ ရက်ဝန်းကျင်မှာ တစ်ပိဿာကို ကျပ်၂၃,၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေကြတယ်။

ကွမ်းခြံအများစုက ကွမ်းဈေးကောင်းလာမှ ကွမ်းရွက်က ခူးစရာမရှိတော့ဘူး ဖြစ်နေကြတာလို့ ဒေသခံ ကွမ်းခြံပိုင်ရှင်တစ်ယောက်က ပြောပါတယ်။


အခုရက်ပိုင်း ကွမ်းဈေးက ဈေးတန့်နေပြီး ကျောက်ဆည်ကွမ်းဖြတ်ဈေးက တစ်ပိဿာ ကျပ်၂၃,၀၀၀ဈေးရှိပြီး ကွမ်းရွက်ကြီးတစ်ပိဿာကို ကျပ် ၂၀,၀၀၀၊ မုံရွာကွမ်းနုဝါတစ်ပိဿာ ကျပ်၂၃,၀၀၀၊ အသေး ကျပ်၂၀,၀၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်နေပြီး အဲဒီဈေးတွေက ကွမ်းဒိုင်ဖြတ်ဈေးဖြစ်ပါတယ်။

အခုအချိန်ကကွမ်းပင်တွေဟာအအေးဒဏ်ခံနေရတော့ အရွက်ထွက်နှေးပြီးထွက်လာတဲ့အရွက်ကလည်း သေးနေတော့ ရှယ်ရွက်တွေရဖို့က ခက်တယ်။ ရှယ်ရွက်လဲရ၊ အရောင်အသွေးပါဝါနဲ့အိနေမှဈေးကောင်းရကြတာပါလို့ ကွမ်းပွဲရုံမှာ ကွမ်းရွက်ရွေးသူအမျိုးသမီးတစ်ဦးက ပြောပါတယ်။

မုံရွာမြို့နယ်က ကွမ်းခြံတွေမှာ ရာသီဥတုအေးလို့ ကွမ်းအထွက်နည်းနေတဲ့အပြင် လှေးပိုးနှင့် စုပ်စားပိုးကြောင့် ကွမ်းရွက်တွေ တွန့်လိပ်ကုန်ပြီး ဈေးကောင်းမရ ဖြစ်နေကြတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## အစာစရိတ်သက်သာပြီး ဈေးကောင်းရသည့် ဘဲငန်းကို စီးပွားဖြစ်ပိုမွေးမြူလာ




အစာစရိတ်နှင့် မွေးမြူပြုစုရသက်သာပြီး ဈေးကောင်းရနေသည့် ဘဲငန်းများကို လက်ရှိတွင် တွက်ခြေကိုက်သဖြင့် တစ်ပိုင်တစ်နိုင်အပြင် စီးပွားဖြစ်ပါမွေးမြူသူပိုများလာကြောင်း ဘဲငန်းစီးပွားဖြစ်မွေးမြူသူများက ပြောပါတယ်။

လက်ရှိတွင် ဘဲငန်းအရှင်ဖမ်းဈေးမှာ နေရာဒေသနှင့် ဘဲငန်းမျိုးပေါ်မူတည်ကာ တစ်ပိဿာလျှင် ကျပ်နှစ်သောင်းခွဲမှ သုံးသောင်းကျော်ထိ ဈေးရနေကြောင်း သိရပါတယ်။

ဘဲငန်းမွေးမြူရာတွင်လည်း သုံးပိဿာအကောင်ရွယ်ဖြစ်ရန် ခြောက်လခန့်သာမွေးမြူရသည့်အပြင် စပါးသာကျွေးရပြီး ပတ်ဝန်းကျင်ရှိ မြက်များနှင့် စွန့်ပစ်သီးနှံ(ဂေါ်ဖီ) များသာ ကျွေးရသည့်အတွက် မွေးမြူပြုစုစရိတ်သက်သာကြောင်း သိရပါတယ်။

"အခု တခြား ငါးရှဥ့် ၊ ဖားမွေးတာတွေ အကုန်နားလိုက်ပြီ ရှုံးလို့။ ဘဲငန်းက လက်ရှိဈေးလည်းကောင်းနေတယ်လေ။ နောက် မွေးမြူထိန်းသိမ်းရလည်း သက်သာတယ်၊ အကြီးမြန်တယ်၊ သန့်ရှင်းမှုလောက်ပဲ ထိန်းရတာ။ အဓိက အစာစရိတ်သက်သာတာ ပေါ့လေ။ မြက်ထုံးတွေရိတ်ကျွေး၊ သူတို့လည်းရှာစားနဲ့ စပါးကလည်း တစ်တင်းမှ တစ်သောင်းခွဲလောက်ရှိတာ။ အဲဒါနဲ့ တွက်ခြေ ကိုက်လို့ ကိုယ်တိုင်မျိုးဖောက်ပြီး စီးပွားဖြစ်ကို မွေးဖြစ်နေတယ်" လို့ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်မှ ဘဲငန်း စီးပွားဖြစ် မွေးမြူနေသူတစ်ဦးက ပြောပါတယ်။

ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်းကဘဲငန်းအရှင်ဖမ်းဈေးမှာတစ်ပိဿာလျှင် ကျပ် ၁၈,၀၀၀ ကျပ်မှ နှစ်သောင်း ကျော်ဝန်းကျင်၊ ၂၀၂၅ ခုနှစ်တွင်ကျပ်နှစ်သောင်းကျော်မှနှစ်သောင်းခွဲကျော်ဈေးအသီးသီးရှိခဲ့ပါတယ်။နေရာဒေသနှင့်ဘဲငန်းမျိုးစိတ်ပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိနိုင်ကြောင်း သိရပါတယ်။

လက်ရှိတွင် တခြားမွေးမြူရေးလုပ်ငန်းအများစုမှာအစာစရိတ်၊ ဆေးဝါးစရိတ်၊ လုပ်သားနှင့် အထွေထွေစရိတ်ကြီးမြင့်မှုကြောင့် အရှုံးပေါ်မှုများ၊ အချို့လုပ်ငန်းရပ်ဆိုင်းမှုများရှိနေကြောင်း မွေးမြူရေးလုပ်ကိုင်သူများထံက သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## မွေးမြူရေးစားဖားများ ဈေးကောင်းရသော်လည်း ရောင်းသူမရှိဖြစ်နေ

မွေးမြူရေးစားဖားများကို ဈေးကောင်းပေးဝယ်သူ ရှိနေသော်လည်း မွေးသူနှင့် ရောင်းသူမရှိသဖြင့် ဈေးကွက်ပျက်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရမ်း၊ သုံးခွမြို့နယ်များမှ စားဖားမွေးမြူသူများက ပြောပါတယ်။




အရွယ်ကြီးစားဖား လေးကောင်နှင့် သုံးကောင်ပါ စားဖားတစ်ပိဿာလျှင် ကျပ် ၂၈,၀၀၀ မှ သုံးသောင်းကျော်ဖြင့် ဝယ်ယူနေကြခြင်းဖြစ်ပြီး ထိုဝယ်လက်များက ကြော်လှော်ကုန်ချောပြုလုပ်ပြီး ပြည်ပမှ ကြိုတင်အမှာများကိုတင်ပို့ရောင်းချနေကြခြင်းဖြစ်ကြောင်းသိရပါတယ်။

ပြီးခဲ့သည့်လပိုင်းက စားဖားတစ်ပိဿာ ကျပ်နှစ်သောင်းနှင့် နှစ်သောင်း ခွဲဝန်းကျင်ရှိခဲ့ရာမှ လက်ရှိတွင် ဈေးမြင့်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။

"အခု ကျွန်တော့်ကန်ဆိုရင် ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ဖားပြတ်သွားပြီ။ ရှိတာအကုန်လာဝယ်သွားတာ။ အရင်က ဒီခရမ်း၊ သုံးခွ တကြော အပြိုင်အဆိုင်မွေးကြတာပေါ့။ နောက်ပိုင်း အစာစရိတ်မတတ်နိုင်တော့ ကန်တွေဖျက်ပြီး အကုန်တခြား ငွေနှင်းမှိုတို့၊ တခြားလယ်ယာအလုပ်ပဲ ပြောင်းလုပ်ကြတော့တယ်။ဝယ်သူရှိပေမဲ့ ရောင်းသူမရှိဘဲ ဒီဘက်မှာတော့ ဖားဈေးကွက်ပျက်သွားပြီ။ ဒီသုံးခွအရှေ့ခြမ်းဆို ဖားမွေးသူ တစ်ဦး၊ နှစ်ဦးပဲ ရှိတော့တယ်"လို့ သုံးခွမြို့နယ်အတွင်း စီးပွားဖြစ် စားဖားမွေးမြူသူတစ်ဦးက ပြောပါတယ်။

အဆိုပါ စားဖားများကို ရေပေါ်ငါးစာကျွေးရခြင်းဖြစ်ပြီး အစာဈေးမှာ ပြီးခဲ့သည့်နှစ်က ကီလို ၅၀ တစ်အိတ်လျှင် ကျပ်ကိုးသောင်းဝန်းကျင်ရှိခဲ့ရာမှ လက်ရှိတွင်ကျပ် ၁၃၀,၀၀၀ ဝန်းကျင်ဖြင့် ဈေးအတက်သာရှိနေတယ်လို့ဆို ပါတယ်။

စားဖားများကို မွေးမြူရာတွင်လည်း ၆ လခန့်မွေးမြူမှသာ တစ်ကောင် ၂၅ ကျပ်သားမှ ၃၀ သားအရွယ်ရရှိကြောင်း၊ သုံးလခန့်လျှင် တစ်ဆယ်သားကျော်ရရှိပြီး ထိုအရွယ်တွင်ရောင်းတန်းဝင်သော်လည်း ဖားများကို အပြတ်ဝယ်ယူသည့် ဈေးကွက်မရှိတော့ဘဲ ဆိုင်သမားများနှင့်ကုန်ချောပြုလုပ်ရောင်းချသူအချို့သာ ဝယ်ယူသူရှိခြင်းကြောင့် ဈေးကွက်ပျက်သွားခြင်းဖြစ်ကြောင်း စားဖားမွေးမြူသူများက ပြောပါတယ်။

"စားဖားက ၆ လမွေးပြီးရင် အစိတ်သား၊ သုံးဆယ်သားအရွယ်ဖြစ်ပြီ။ အဲအချိန်ဝယ်လက်မရှိတော့ ဆက်မွေးထားရင်း အစာစရိတ်ထောင်းတာပေါ့။ ဖားက ခြောက်လထိပဲ အကြီးဆုံးအကောင်ဖြစ်တာလေ။ နောက်ပိုင်းဆက်မွေးထားလည်း ဒီအရွယ်ပဲဆိုတော့ ကုန်ချိန်မတိုးဘဲ အရှုံးပေါ်တာပေါ့"လို့ ခရမ်းမြို့နယ်မှ ဖားမွေးမြူသူတစ်ဦးက ဆိုပါတယ်။

၂၀၂၃ ခုနှစ်မတိုင်ခင်က ခရမ်း၊ သုံးခွဒေသမွေးမြူရေးစားဖားများကို ရန်ကုန်နှင့်မန္တလေးဈေးကွက်အပြင်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် လမ်းပန်းဆက်သွယ်ရေးကြောင့် ဈေးကွက်မတည်ငြိမ်ဘဲ စားဖားမွေးမြူသူများလည်း အရှုံးပေါ်ပြီး လုပ်ငန်းရပ်ဆိုင်းခဲ့ကြခြင်းဖြစ်ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ချေးငွေ ကျပ်သိန်း ၁၀,၀၀၀ အထိ ခွင့်ပြုပေးထားသော်လည်း ထုတ်ယူသူနည်းပါး



ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ချေးငွေကျပ် သိန်း ၁၀,၀၀၀ အထိ ခွင့်ပြုပေးထားသော်လည်း ထုတ်ယူသူ နည်းပါးကြောင်း ဆီစက်လုပ်ငန်းရှင်များအသင်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

ယခင်က ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေအစီအစဉ်တွင် ငွေရေးကြေးရေးအဖွဲ့အစည်း (Participating Financial Institution–PFI) ဘဏ်များအဖြစ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့သာ ဆောင်ရွက်ခဲ့ရာမှ ယခု PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ် ပါဝင်လာပြီး ချေးငွေများ ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေပမာဏကိုလည်း ယခင်က ဆီစက် လုပ်ငန်းရှင်တစ်ဦးလျှင် ငွေကျပ် သိန်း ၃၀၀၀ ထိသာ ထုတ် ချေးခဲ့ရာမှ ယခုငွေကျပ်သိန်း ၅၀၀၀အထိ တိုးမြှင့် ထုတ်ချေး ခွင့်ပြုထားကာ ဆီစက်အကြီးများ တည်ဆောက်တပ်ဆင်ခြင်းအတွက် ငွေကျပ်သိန်း ၁၀,၀၀၀ အထိ ခွင့်ပြုထားကြောင်း သိရသည်။

“နောက်ဆုံးထုတ်ပြန်ထားတဲ့ ဥပဒေအရဆိုရင် ပုဂ္ဂလိကဘဏ်တွေကနေ ချေးလို့ရမယ်ဆိုပြီး သတ်မှတ်ထားတာပေါ့နော်။ ထုတ်လိုက်ပေမဲ့လည်းရောက်မလာကြသေးဘူး။ အားလုံးတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ၁၄စောင်၊၁၅စောင်လောက်တော့ ရှိပြီပေါ့နော်။အဲဒီထက်လည်းမပိုသေးဘူး”ဟုဂ၎င်းကပြောသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စက်မှုကြီးကြပ်တွင် လိုင်စင်တင်ထားသည့် ဆီစက်ပေါင်း ၃၆၀၀ ကျော်၊ လိုင်စင် မတင်ထားသည့် ဆီစက်ပေါင်း ၆၀၀ ကျော် စုစုပေါင်း ၄၂၀၀ကျော်ရှိရာလက်ရှိတွင် မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ လုပ်ငန်းရှင် ၁၅ ဦးခန့်သာ ချေးငွေလာရောက်လျှောက်ထားခြင်းဖြစ်ပြီး ချေးငွေပမာဏအနေဖြင့်လည်း ကျပ် သိန်း၅၀၀၀ မကျော်ကြောင်းသိရသည်။

“လောလောဆယ်တင်တဲ့အထဲမှာ ၅၀၀၀ ထက်ပိုတင်တဲ့လူတော့ မပါသေးဘူး။ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်ထဲက လည်း ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးကလည်းရှိတယ်။ မုံရွာမြို့ပေါ်က စက်တွေလည်းပါတယ်။ အချက်အလက် မပြည့်စုံတာ လေးတွေ ပြည့်စုံအောင်ပြန်လုပ်ခိုင်းနေတယ်။ ချေးငွေစပြီးပေးမယ်လို့ထုတ်လိုက်ကတည်းက တင်တော့တင်နေကြတယ်။ ဒါပေမဲ့ ဘယ်သူတော့ ရသွားပြီဆိုတာမရှိသေးဘူး။ ဥပဒေအသစ် မပြောင်းခင်ကတော့ တောက်လျှောက်ပေးနေတာ ရှိပါ တယ်။ရတဲ့လူတွေလည်းရှိပါတယ်”ဟုဂ၎င်းကပြောသည်။

နိုင်ငံတော်အတွင်း စားသုံးဆီကြိတ်ခွဲထုတ်လုပ်ရောင်းချနေသော ဆီစက်များ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် ခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ် ဘီလျံ ၅၀ မတည် ထူထောင်ပေးခဲ့ပြီး တစ်နှစ်လျှင် အတိုးနှုန်း (၅) ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အသစ်တည်ထောင်သည့်ဆီစက်လုပ်ငန်းများရှိသော်လည်းဈေးကွက်မရရှိမှုကြောင့်ပြည်တွင်းဆီစက် စုစုပေါင်း ၏၂၀ရာခိုင်နှုန်းနီးပါးရပ်နားနေကြောင်းလည်းသိရသည်။

ထို့ပြင် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ချေးငွေများပံ့ပိုးပေးမည့်အစား ဈေးကွက်ရရှိရေးကိုသာ ဖော်ဆောင် ပေးစေလိုသည့် လုပ်ငန်းရှင်အချို့ရှိနေကြောင်းလည်း သိရသည်။

**Source :** https://www.npnewsmm.com/

## ထောပတ်သီးရာသီကုန်ချိန်တွင် အရောင်းအဝယ်ကောင်းမွန်နေပြီး ဈေးကောင်းရရှိနေ



မြန်မာနိုင်ငံမှထွက်ရှိသည့် ထောပတ်သီးကို ပြည်တွင်းစားသုံးမှုအပြင် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိရာ လက်ရှိထောပတ်သီးရာသီကုန်ချိန်တွင် အရောင်းအဝယ်ကောင်းမွန်နေပြီး ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အထွေထွေ အတွင်းရေးမှူးက ပြောသည်။

“ဒီနှစ်က ထိုင်းနိုင်ငံကလည်း ကမ္ဘောဒီးယားနိုင်ငံကိုမတင်ပို့နိုင်တော့ အဝယ်နည်းတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံကိုတရားဝင်တင်ပို့ခွင့်ရအောင် ကြိုး စားနေပါတယ်။တရားဝင်တင်ပို့ခွင့်ရရင် ဒီထက်ဈေးပိုကောင်းလာမှာပါ” ဟု ဂ၎င်းကပြောသည်။

ထောပတ်သီးသည် အောက်တိုဘာလတွင် အသီးများစတင်ထွက်ရှိပြီး ထောပတ်ပင်သည် နှစ်ရှည်ပင်ဖြစ်ကာ စိုက်ပျိုးပြီး သုံးနှစ်ကြာလျှင် အသီးသီးကြောင်း၊ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံတို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် လားရှိုး ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့်မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တို့၌လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်တွင် နှစ်သစ်ကူးအကြိုကာလအတွင်း ရူပီးကုဋေ ၂၀၀ ကျော်ဖိုးရောင်းချခဲ့ရပြီး ဝင်ငွေအမြောက်အမြားရရှိခဲ့

အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်တွင် နှစ်သစ်ကူးအကြိုကာလအတွင်း စီးပွားရေးလုပ်ငန်းများအနေဖြင့် ရူပီးကုဋေ ၂၀၀ ကျော်ဖိုးရောင်းချခဲ့ရပြီးလက်ဆောင်ပစ္စည်းများ၊ ဒိုင်ယာရီများ၊ မုန့်ချိုများနှင့်ပါတီပွဲများမှ ဝင်ငွေအမြောက်အမြားရရှိခဲ့ကြောင်းသိရသည်။

၂၀၂၆ ခုနှစ် နှစ်သစ်ကူးသို့ ရောက်ရှိလာခြင်းသည် ဘီဟာပြည်နယ်၏ မြို့တော်နှင့်အဓိကမြို့ကြီးများရှိ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခဲ့ကြောင်းနှင့် အဆိုပါအခါသမယတွင် ဟိုတယ်များနှင့်စားသောက်ဆိုင်များတွင်လည်း ဝယ်ယူသူများဖြင့် အလွန်စည်ကားခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးအဖွဲ့အစည်းများ၏အဆိုအရ လက်ဆောင်ပစ္စည်းနှင့် စာရေးကိရိယာကဏ္ဍမှ ရူပီး ၆၅ ကုဋေမှ ၇၀ ကုဋေ ခန့်အထိ ကုန်သွယ်မှုပမာဏရရှိခဲ့ကြောင်းသိရသည်။

ကော်ပိုရိတ်လုပ်ငန်းစုများ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများက ဒိုင်ယာရီနှင့်ပြက္ခဒိန်များကို အမြောက်အမြားဝယ်ယူခဲ့ကြခြင်းကြောင့် အဆိုပါကဏ္ဍသည်ရှေ့တန်းမှ ဦးဆောင်နေခြင်းဖြစ်သည်။မုန့်ချိုနှင့် ကိတ်မုန့်လုပ်ငန်းကဏ္ဍတွင် ရူပီး ၄၅ ကုဋေမှ ၅၀ ကုဋေခန့်အထိ ရောင်းချခဲ့ရကြောင်း တွေ့ရှိရသည်။

နှစ်သစ်ကူးပွဲတော်များအတွက် ကိတ်မုန့်များ၊ ချောကလက်များ၊ သစ်သီးခြောက်များနှင့် ရိုးရာမုန့်ချိုများ၏ဝယ်လိုအားမှာ သိသိသာသာမြင့်တက်လာခဲ့ကြောင်း သိရသည်။

မုန့်ချိုဆိုင်အများအပြားတွင် ဝယ်ယူသူများသည် ညဥ့်နက်သည်အထိ တန်းစီစောင့်ဆိုင်းခဲ့ကြသည်။ နှစ်သစ်ကူးကာလသည် ဟိုတယ်၊စားသောက်ဆိုင်နှင့်အစားအသောက်ဝန်ဆောင်မှု (Catering)ကဏ္ဍများအပေါ်တွင်လည်း သိသာထင်ရှားသောသက်ရောက်မှုရှိခဲ့ကြောင်း BIA ဥက္ကဋ္ဌ Ram Lal Khetan က ပြောကြားခဲ့သည်။

အဆိုပါကဏ္ဍမှ ရူပီး ၅၅ ကုဋေမှ ၆၀ ကုဋေ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း)ခန့်အထိ ကုန်သွယ်မှုပမာဏရရှိခဲ့သည်ဟု ခန့်မှန်းရကြောင်း သိရသည်။

ဟိုတယ်ဘိုကင်တင်ခြင်း၊ နှစ်သစ်ကူးပါတီပက်ကေ့ဂျ်များနှင့် မိသားစုညစာစားပွဲများအတွက် ဝယ်လိုအားမှာ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားခဲ့ကြောင်းသိရသည်။

ပန်းများ၊ အလှဆင်ပစ္စည်းများ၊ ဖယောင်းတိုင်များ၊ ပါတီသုံးပစ္စည်းများ၊အဝတ်အထည်များနှင့်လျှပ်စစ်ပစ္စည်းများ ရောင်းချရမှုကလည်း ဈေးကွက်ကိုမြှင့်တင်ပေးခဲ့သည့် အဆိုပါကဏ္ဍများမှ ရူပီး ၂၀ ကုဋေမှ ၂၅ ကုဋေခန့်အထိ ထပ်ဆောင်းစီးပွားရေးအခွင့်အလမ်းများရရှိခဲ့ကြောင်း တွေ့ရှိရသည်။

ပြည်နယ်တွင် ငွေကြေးဖောင်းပွမှုများရှိနေသော်လည်း လူထုအနေဖြင့် နှစ်သစ်ကိုကြိုဆိုရန်အတွက် ရက်ရက်ရောရောသုံးစွဲခဲ့ကြကြောင်း CAT အမျိုးသားဒုတိယဥက္ကဋ္ဌ Kamal Nopani က ပြောကြားခဲ့သည်။

ကုန်သွယ်ရေးအသင်းများ၏အဆိုအရ ယခုနှစ်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းမှာ ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်းမှ၁၅ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားခဲ့ပြီး နှစ်သစ်ကို အားတက်ဖွယ်စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအလားအလာသည် ယခုလအတွင်းဆက်လက်ရှိနေမည်ဟု ကုန်သည်များက မျှော်လင့်ထားကြပြီး ၂၀၂၆ ခုနှစ်၏အစကို ဈေးကွက်အတွက် ကောင်းမွန်သော အစပြုမှုတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

**Source: jagran.com, Bihar sees over 200 crore rupees in New Year's Eve sales: Gifts, diaries, sweets, and parties generate significant revenue, January 13, 2026.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## အီသီယိုးပီးယားနိုင်ငံသည် ပို့ကုန်ဝင်ငွေတိုးလာစေရန် ကော်ဖီတန်ဖိုးမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ



အီသီယိုးပီးယားအစိုးရသည် ကော်ဖီကဏ္ဍမှ လိုအပ်လျက်ရှိသော နိုင်ငံခြားဝင်ငွေရရှိမှုကို မြှင့်တင်ရန်အတွက် ကော်ဖီထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်တင်မှုကို တိုးချဲ့ရန်ကြိုးပမ်းမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၇ ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကော်ဖီ ၄၆၈,၉၆၇ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ဒသမ၆၅ ဘီလီယံ စံချိန်တင်ရရှိခဲ့သော အရှေ့အာဖရိကနိုင်ငံသည် ဝင်ငွေတိုးမြှင့်ရန်အတွက် ကော်ဖီတင်ပို့မှုမြှင့်တင်ရန် ဦးစားပေးလုပ်ဆောင်နေကြောင်း အီသီယိုးပီးယားကော်ဖီနှင့် လက်ဖက်ရည် အာဏာပိုင်အဖွဲ့ (ECTA) က ဇန်နဝါရီလ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။

တန်ဖိုးမြှင့် ကော်ဖီတင်ပို့မှုကို တိုးချဲ့ရန် ပြောင်းလဲခြင်းသည် အာဖရိက၏ ဦးဆောင်ထုတ်လုပ်သူအဖြစ် အီသီယိုးပီးယား၏ ရပ်တည်ချက်မှ အကျိုးအမြတ်အများဆုံးရရှိရန် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံပိုင်သတင်းဌာနက ECTA ညွှန်ကြားရေးမှူးချုပ် Adugna Debela ၏ ပြောကြားချက်အရသိရသည်။

မကြာသေးမီနှစ်များအတွင်း ၁၅ နှစ်တာ အမျိုးသားကော်ဖီဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမှတစ်ဆင့် ဤကဏ္ဍကို စဉ်ဆက်မပြတ်အာရုံစိုက်ခဲ့ကြောင်း သတိပြုမိပြီး ကော်ဖီထုတ်လုပ်မှုတိုးမြှင့်ရန်နှင့်ပို့ကုန်ဈေးကွက်များသို့ တိုးချဲ့ရန် ရည်ရွယ်သည့် ကဏ္ဍ၏ဖွဲ့စည်းပုံဆိုင်ရာပြဿနာများကိုဖော်ထုတ်ရန်လက်ရှိတွင် ကြိုးပမ်းမှုအမျိုးမျိုးကို လုပ်ဆောင်နေကြောင်း Debela က ပြောကြားခဲ့သည်။

ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းသည် ကော်ဖီတင်ပို့မှု ပမာဏပေါ်တွင်သာမက ၎င်း၏အရည်အသွေးပေါ်တွင်လည်း မူတည်ကြောင်း၊ ကော်ဖီကို အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်စေရန် တင်းကျပ်သောစောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံ၏ ကော်ဖီကဏ္ဍသည် ရှင်းလင်းသော လမ်းညွှန်ချက်များ မရှိခြင်းကြောင့် ကြာမြင့်စွာ အကန့်အသတ်ဖြစ်ခဲ့ရကြောင်း သတိပြုမိပြီး ECTA အကြီးအကဲက တန်ဖိုးမြှင့်တင်မှုနှင့် ထောက်ပံ့ရေးကွင်းဆက် တိုးတက်မှုများ၏ အလားအလာကို ဖွင့်လှစ်ခြင်းကို အဓိကအာရုံစိုက်သည့် နယ်ပယ်များအဖြစ် သတ်မှတ်ထားကြောင်း ပြောကြားခဲ့သည်။

အရှေ့အာဖရိကနိုင်ငံ၏ ကော်ဖီတင်ပို့မှု အလျင်အမြန် တိုးချဲ့လာနေသော နိုင်ငံတစ်ခုဖြစ်သည့် တရုတ်နိုင်ငံသည် အီသီယိုးပီးယားကော်ဖီ တင်သွင်းမှုတွင် စတုတ္ထ အများဆုံးနိုင်ငံဖြစ်လာခဲ့ပြီး လွန်ခဲ့သောနှစ်နှစ်က ခုနစ်နေရာမှ မြင့်တက်လာခဲ့သည်။

အာရေဗီးယား ကော်ဖီ၏ မူလအစအဖြစ် သတ်မှတ်ခံထားရသော အီသီယိုးပီးယားသည် အာဖရိက၏ အကြီးဆုံးကုန်စည်ထုတ်လုပ်သူနှင့် တင်ပို့သူများထဲမှ တစ်ခုဖြစ်သည်။

ကော်ဖီထုတ်လုပ်မှုကို နိုင်ငံ၏ စိုက်ပျိုးရေးဦးဆောင်သော စီးပွားရေး၏ ကျောရိုးအဖြစ် ရှုမြင်ကြသည်။ ဝိုင်အရသာမှသည် သစ်သီးအရသာနှင့် ချောကလက်အရသာအထိ အရည်အသွေးနှင့် ကြွယ်ဝသော အရသာများအတွက် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခံရသော အီသီယိုးပီးယားနိုင်ငံ၏ ကော်ဖီသည် ကမ္ဘာတစ်ဝှန်းတွင် အလွန်ရေပန်းစားလျက်ရှိကြောင်း သိရသည်။

**Source: Xinhua**

**DOCA** (ရန်ကုန်)

# STOCK EXCHANGE (20.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Jan. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,619 (Shares) | 25,847,250 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,400 | 8,500 | 8,400 | 26 | 220,900 | 33,109,694 | 281,432 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,950 | 3,750 | 233 | 881,050 | 38,929,150 | 147,931 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,700 | 7,800 | 7,700 | 153 | 1,191,300 | 10,400,986 | 81,128 |
| FPB | 00004 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,800 | 6,718 | 18,810,400 | 29,664,613 | 83,061 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,250 | 3,400 | 3,250 | 8 | 26,600 | 12,823,224 | 41,676 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,600 | 2,100 | 3,415,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +100 | +2.56% | 3,900 | 4,100 | 3,900 | 145 | 570,400 | 10,497,598 | 41,990 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 236 | 731,600 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Jan. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.64 | +2.40 | +0.58% | 410.96 | 420.31 | 410.96 | 9,619 | 25,847,250 | 8 | 783,975 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 10,424 (Shares) | 30,868,500 (MMK) |

## Main Board

As of 1:00 pm, 20th Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,619 (Shares) | 25,847,250 (MMK) |

| MYANPIX | 415.64 ▲ 2.40 |
|---|---|
| Total Volume (shares) | 9,619 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 783,975 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 2,800 | ▲ 50 |
| TMH | 00005 | 3,250 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 100 |
| MAEX | 00008 | 3,100 | ▲ 0 |